

နုံသမာဓိအဖွဲ့၏ ဆုံးဖြတ်ချက်
(နည်းဥပဒေ ၁၇(ဃ))
နုံသမာဓိအဖွဲ့
ရန်ကုန်တိုင်းဒေသကြီး
ရန်ကုန်မြို့
အငြင်းပွားမှုအမှတ်(၂၆/၂၀၂၄)

ဦးအောင်သက်ပိုင်ပါ (၃)ဦး (အလုပ်သမား)
ဗိုလ်မင်းရောင်လမ်း၊ ရွှေပြည်သာမြို့နယ်။
၀၉-၆၈၄ ၄၄၃ ၆၉၁
နှင့်
ဦးစိုးဇင်ဦးထက် (အလုပ်ရှင်)
ဒေါ်ဖြူးဝေအောင် (General Manager)
(အထူးကိုယ်စားလှယ်လွှဲအပ်ခြင်းခံရသူ)
TLB Group Co., Ltdအမှတ်(၇)၊ အေးရိပ်မွန်အိမ်ရာ၊
အမှတ်(၅) ရပ်ကွက်၊ ရတနာမွန် (၁)လမ်း၊ လှိုင်မြို့နယ်။
၀၉-၉၄၀ ၀၀၁ ၆၄၀
တောင်းဆိုခြင်းခံရသူ

ရက်စွဲ။ ၂၀၂၄ ခုနှစ်၊ နိုဝင်ဘာလ ၂၁ ရက်

ဆုံးဖြတ်ချက်

၁။ ရန်ကုန်တိုင်းဒေသကြီး၊ အမှတ်(၇)၊ အေးရိပ်မွန်အိမ်ရာ၊ အမှတ်(၅) ရပ်ကွက်၊ ရတနာမွန် (၁) လမ်း၊ လှိုင်မြို့နယ်ရှိ ဦးစိုးဇင်ဦးထက် (အလုပ်ရှင်) ပိုင်ဆိုင်သော TLB Group Co., Ltd၊ ဒေါ်ဖြူးဝေအောင် (General Manager)၊ (အလုပ်ရှင်၏ ကိုယ်စားလှယ်လွှဲအပ်ခြင်းခံရသူ)နှင့် အလုပ်သမား ဦးအောင်သက်ပိုင်ပါ(၃)ဦးတို့အကြား ဖြစ်ပွားသောအငြင်းပွားမှုကို လှိုင်မြို့နယ် ညှိနှိုင်းဖျန်ဖြေရေးအဖွဲ့မှ လွှဲအပ်ခဲ့သဖြင့် ကြားနာစစ်ဆေး ဆုံးဖြတ်လိုက်သည်။

၂။ ဤခုံသမာဓိအဖွဲ့မှ တောင်းဆိုသူနှင့် တောင်းဆိုခြင်းခံရသူတို့၏ တောင်းဆိုလွှာ၊ ချေပလွှာနှင့် စစ်ဆေးခံချက်များအပေါ် အခြေခံ၍ အောက်ပါအတိုင်း ကောက်ချက်များ ရေးဆွဲပြီး ဆုံးဖြတ်လိုက်သည်။

ကောက်ချက်။ အလုပ်သမား ဦးအောင်သက်ပိုင်ပါ(၃)ဦးအား အလုပ်ရပ်စဲမှုနစ်နာကြေး ပေးရန် သင့်/မသင့်။

အမှုဖြစ်စဉ်အကျဉ်းချုပ်

၃။ ယခုအငြင်းပွားမှုသည် ရန်ကုန်တိုင်းဒေသကြီး၊ လှိုင်မြို့နယ် TLB Group Co., Ltd၊ ဦးစိုးဇင်ဦးထက် (အလုပ်ရှင်)က အလုပ်သမား ဦးအောင်သက်ပိုင်ပါ (၃)ဦးကို အလုပ်မှ ထုတ်ပယ်ခြင်းခံရသဖြင့် အလုပ်ရပ်စဲမှုနှစ်နာကြေး ရရှိလိုသည့်ကိစ္စနှင့်ပတ်သက်၍ လှိုင်မြို့နယ် ညှိနှိုင်းဖျန်ဖြေရေးအဖွဲ့သို့ တိုင်ကြားခဲ့ရာ မြို့နယ်ညှိနှိုင်းဖျန်ဖြေရေးအဖွဲ့က (၃)ကြိမ်တိုင်တိုင် ညှိနှိုင်းဖြေရှင်းခဲ့သော်လည်း ပြေလည်မှုမရှိခဲ့သဖြင့် ရန်ကုန်တိုင်းဒေသကြီး ခုံသမာဓိအဖွဲ့သို့ ပေးပို့လာသော အငြင်းပွားမှုဖြစ်ပါသည်။

စစ်ဆေးတွေ့ရှိချက်

၄။ အလုပ်သမား ဦးအောင်သက်ပိုင်(မော်တော်ယာဉ်မှူး)က ထွက်ဆိုတင်ပြရာတွင် မိမိသည် (၁၁-၂-၂၀၁၈)ရက်နေ့တွင် အလုပ်ဝင်ရောက်ခဲ့ကြောင်း၊ လက်ရှိလစာမှာ ကျပ် ၅၀၀၀၀၀/-(ပုတ်ပြတ်)ရရှိကြောင်း၊ (၁၉-၉-၂၀၂၄)ရက်နေ့တွင် General Manager မှ "လုပ်နေးမကောင်းသဖြင့် မူလရာထူး၊ မူလလစာ မပေးနိုင်တော့ကြောင်း၊ လုပ်ခကို ဆင်းသည့် ရက်တွင်ရမည်၊ မဆင်းသည့်ရက်အတွက် မရကြောင်း၊ ခေါင်းဆောင်ပိုင်းတွင် အစည်းအဝေး လုပ်ပြီးပြောခြင်းဖြစ်ကြောင်း" ပြောခဲ့ရာ မိမိမှ လုပ်သက်ကြာပြီဖြစ်၍ လက်မခံနိုင်ကြောင်း၊ ပြောင်းလဲသည့် ပုံစံဖြင့် အဆင်မပြေ၍ ဆက်လက်မလုပ်နိုင်ပါကြောင်းပြောပြီး (၃၀-၉-၂၀၂၄) ရက်နေ့ထိ အလုပ်ဆင်းခဲ့ပါကြောင်း၊ (၁-၁၀-၂၀၂၄)ရက်နေ့တွင် ကုမ္ပဏီသို့ စာတင်ခဲ့ပြီး တစ်ပတ်စောင့်ခဲ့ရာ အကြောင်းပြန်ကြားမှုမရှိသဖြင့် (၉-၁၀-၂၀၂၄)ရက်နေ့တွင် မြို့နယ်ညှိနှိုင်း ဖျန်ဖြေရေးအဖွဲ့သို့ တိုင်ကြားခဲ့ပါကြောင်း ထွက်ဆိုတင်ပြခဲ့ပါသည်။

၅။ ဦးစိုးသက်ပိုင်(ယာဉ်မောင်း)က ထွက်ဆိုတင်ပြရာတွင် ၎င်းသည် (၆-၁-၂၀၂၁) ရက်နေ့ တွင် အလုပ်ဝင်ရောက်ခဲ့ပြီး လစာ ၄၀၀၀၀၀/-ကျပ်ရရှိကြောင်း၊ (၁၅-၉-၂၀၂၄)ရက်နေ့တွင် Meeting လုပ်ခဲ့ပြီး (၂၅-၉-၂၀၂၄)ရက်နေ့တွင် General Manager မှ နှုတ်ဖြင့် အလုပ်ရပ်စဲ ခဲ့ပါကြောင်း၊ (၂-၁၀-၂၀၂၄)ရက်နေ့တွင် ကုမ္ပဏီသို့ စာတင်ခဲ့ပြီး တစ်ပတ်စောင့်ခဲ့ရာ ပြန်ကြားမှု မရှိသဖြင့် (၉-၁၀-၂၀၂၄)ရက်နေ့တွင် မြို့နယ်ညှိနှိုင်းဖျန်ဖြေရေးအဖွဲ့သို့ တိုင်ကြားခဲ့ပါကြောင်း ထွက်ဆိုတင်ပြခဲ့ပါသည်။

၆။ အလုပ်သမား ဦးဇေယျာပိုင်(အရောင်းဝန်ထမ်း)က ထွက်ဆိုတင်ပြရာတွင် ၎င်းသည် (၄-၁၁-၂၀၁၉)ရက်နေ့တွင် အလုပ်ဝင်ရောက်ခဲ့ပြီး လစာ ၂၅၀၀၀၀/- ကျပ် ရရှိကြောင်း၊ ခေါင်းဆောင် မမိုးပွင့်မှတဆင့် (၂၅-၉-၂၀၂၄)ရက်နေ့တွင် အလုပ်မှရပ်စဲခဲ့ပါကြောင်း၊ တောင်းဆိုသူ (၃)ဦးတို့ တိုင်ကြားမှုအတွက် မြို့နယ်ရုံးတွင် (၄)ကြိမ်တိုင်တိုင် ချိန်းဆိုညှိနှိုင်း ဖြေရှင်းခဲ့ရာ တတိယအကြိမ်တွင် အလုပ်ရှင်ဘက်မှ လာရောက်ညှိနှိုင်းခြင်းမရှိခဲ့ပါကြောင်း ထွက်ဆိုတင်ပြခဲ့ပါသည်။

၇။ အလုပ်သမားများ၏ ထွက်ဆိုချက်များအရ ဦးအောင်သက်ပိုင်သည် မူလလစာ၊ မူလရာထူးပြန်လည်ရရှိလိုပြီး အလုပ်ပြန်လည်မခန့်အပ်နိုင်ပါက လုပ်သက်နစ်နာကြေးနှင့် ကြားကာလနစ်နာကြေးပေးရန် တင်ပြခဲ့ရာ အလုပ်ရှင်ဘက်က ဦးအောင်သက်ပိုင်သည် မိမိသဘောဖြင့် အလုပ်နုတ်ထွက်ခဲ့ခြင်းဖြစ်၍ မပေးနိုင်ကြောင်းပြောကြားခဲ့ပါသည်။ အလုပ်သမားအနေဖြင့် နုတ်ထွက်စာတင်ပြခဲ့ခြင်းမရှိကြောင်း စစ်ဆေးတွေ့ရှိရပါသည်။ အလုပ်သမား ဦးစိုးသက်ပိုင်သည် အလုပ်မှရပ်စဲခံရသဖြင့် လုပ်သက် (၃)နှစ်ကျော်ရှိရာ နစ်နာကြေးရယူလိုကြောင်း တောင်းဆိုပြီး အလုပ်ရှင်မှ (၃)လစာအစား အခြေခံလစာအဖြစ် (၂)လစာသာပေးမည်ဖြစ်ကြောင်း၊ အလုပ်သမား ဦးဇေယျာပိုင်သည်လည်း အလုပ်ရပ်စဲခံရသဖြင့် နစ်နာကြေးရလိုကြောင်းနှင့် အလုပ်ရှင်မှ နစ်နာကြေး(၄)လစာ အစား အခြေခံလစာဖြင့် (၃)လစာသာပေးမည်ဖြစ်ကြောင်း ထွက်ဆိုတင်ပြခဲ့ပါသည်။

၈။ အလုပ်ရှင်မှ ထွက်ဆိုတင်ပြရာတွင် TLB Group Co., Ltd သည် အစားအသောက်နှင့်ပတ်သက်၍ Order ရှိသည့်နေရာသို့ ပို့ပေးရသည့် ဝန်ဆောင်မှုလုပ်ငန်းဖြစ်ကြောင်း၊ စည်ပင်လိုင်စင်ရှိကြောင်း၊ ယခုကာလ ကုန်ဈေးနှုန်းမြင့်လာသဖြင့် Order မှာသူများကလည်း ဈေးမတိုးပေးသဖြင့် လုပ်ငန်း (၇)ခုတွင် (၅)ခုရပ်လိုက်ရပါကြောင်း၊ ၂၆-၈-၂၀၂၄ ရက်နေ့တွင် ဝန်ထမ်းများ ခေါ်ယူပြီး တစ်လနှိုတစ်အဖြစ် နှုတ်မိန့်အရပြုလုပ်ခဲ့ပြီး Meeting Record ထားရှိတင်ပြထားပါကြောင်း၊ Meeting တွင် ဦးစိုးသက်ပိုင်နှင့် အခြားဝန်ထမ်း(၇)ဦးပါဝင်ကြောင်း၊ တစ်လနှိုတစ်ပေးပြီး အလုပ်မရှိပါက ရှာပေးမည်၊ မိမိတို့မှလည်း အလုပ်သစ်ရှာရန် ပြောဆိုခဲ့ပါကြောင်း၊ ပြင်ပရောက်နေသူ ဦးဇေယျာပိုင်ပါ(၇)ဦးတို့အား ခေါင်းဆောင် မမိုးပွင့်မှတစ်ဆင့် General Manager မှ ပြောခိုင်းကြောင်း၊ ဝန်ထမ်းများအနက် မအင်ကြင်းခိုင်သည် City Mart တွင် အလုပ်ဝင်နေပြီး ကျန်(၅)ဦးမှာ သူငွေးသူငယ်ချင်းထံ အလုပ်ရှာပေးခဲ့ကြောင်း၊ ၃၀-၉-၂၀၂၄ ရက်နေ့တွင် ၎င်းတို့(၃)ဦးအား လုပ်ခလစာထုတ်ပေးခဲ့ပြီးဖြစ်ကြောင်း၊ လက်ရှိ ကျန်သူများ အလုပ်ဆင်းနေပြီး (၁)ဦးမှာ ပျက်ကွက်သဖြင့် အလုပ်ရပ်ဆိုင်းသွားကြောင်း၊ အလုပ်ရှင်အနေဖြင့် ဦးအောင်သက်ပိုင်သည် ၃၀-၉-၂၀၂၄ ရက်နေ့ထိ အလုပ်ဆင်းပြီး နုတ်ထွက်မည်ပြော၍ နစ်နာကြေးမပေးနိုင်ကြောင်းနှင့် ဦးစိုးသက်ပိုင်နှင့် ဦးဇေယျာပိုင်တို့အား နှိုတစ်တစ်လကြိုအကြောင်းကြားပြီးဖြစ်၍ နစ်နာကြေးကို အခြေခံလစာဖြင့် တွက်ချက်ထုတ်ပေးလိုကြောင်း ထွက်ဆိုတင်ပြခဲ့ပါသည်။

သုံးသပ်ချက်

၉။ ကုမ္ပဏီအနေဖြင့် လုပ်ငန်းမကောင်းခြင်း အခက်အခဲများကြောင့် ဆက်လက်ရပ်တည်ရန် ခက်ခဲပါက အလုပ်သမားများအား အင်အားလျော့ခြင်း၊ ရပ်စဲခြင်း ပြုလုပ်နိုင်ပါသည်။ သို့ရာတွင် အလုပ်သမား အလုပ်အကိုင်နှင့် လူမှုဖူလုံရေးဝန်ကြီးဌာန၊ ဝန်ကြီးရုံး၏ ၃-၇-၂၀၁၅ ရက်စွဲပါ အမိန့်ကြော်ငြာစာအမှတ် (၈၄/၂၀၁၅)အရ နစ်နာကြေးပေးရန်၊ နစ်နာကြေးမေးရာ

တွင်လည်း OT မပါ နောက်ဆုံးထုတ် လစာကို အခြေခံပြီး တွက်ချက်ရန် ဖော်ပြထားပါသည်။ အလုပ်သမားများ၏ လစာကို စီစစ်ရာတွင် ဦးအောင်သက်ပိုင်သည် (အခြေခံလစာ ၂၀၀၀၀၀/- ကျပ် + ထပ်ဆောင်းငွေ ၃၀၀၀၀၀/- ကျပ် = စုစုပေါင်း ၅၀၀၀၀၀/- ကျပ်)ရရှိကြောင်း၊ ဦးစိုးသက်ပိုင်သည် (အခြေခံလစာ ၂၀၀၀၀၀/- ကျပ် + ထပ်ဆောင်းငွေ ၂၀၀၀၀၀/- ကျပ် = စုစုပေါင်း ၄၀၀၀၀၀/- ကျပ်) ရရှိကြောင်းနှင့် ဦးဇေယျာပိုင်သည် (အခြေခံလစာ ၂၀၀၀၀၀/- ကျပ် + ထပ်ဆောင်းငွေ ၅၀၀၀၀/- ကျပ် = စုစုပေါင်း ၂၅၀၀၀၀/- ကျပ်)ရရှိခဲ့ပါကြောင်း သုံးသပ်ရသည်။

၁၀။ ဦးအောင်သက်ပိုင်သည် မိမိဆန္ဒအရ ၃၀-၉-၂၀၂၄ ရက်နေ့တွင် နုတ်ထွက်ကြောင်း နုတ်ထွက်စာ တင်ပြနိုင်မှုမရှိသဖြင့် လုပ်သက်အလိုက် နစ်နာကြေးရသင့်ကြောင်း၊ နို့တစ်ကြေး တစ်လစာ ပေးရန်မလိုကြောင်း၊ ဦးစိုးသက်ပိုင်နှင့် ဦးဇေယျာပိုင်တို့အား တစ်လ နို့တစ်ပေး အကြောင်းကြားပြီး ရပ်စဲခဲ့သည့်အတွက် လုပ်သက်အလိုက် နစ်နာကြေးရသင့်ပြီး နို့တစ်ကြေး ပေးရန်မလိုကြောင်း သုံးသပ်၍ အောက်ပါအတိုင်း ဆုံးဖြတ်လိုက်သည်။

ဆုံးဖြတ်ချက်။ အလုပ်သမား ဦးအောင်သက်ပိုင်ပါ(၃)ဦးတို့အား လုပ်သက်အလိုက် အလုပ်ရပ်စဲမှုနစ်နာကြေးကို အောက်ပါအတိုင်း ထုတ်ပေးရန်နှင့် နို့တစ်ကြေးပေးရန်မလိုကြောင်း ဆုံးဖြတ်လိုက်သည်။

စဉ်	အမည်	လစာ	လုပ်သက်	တွက်ချက်မှု	နစ်နာကြေး
၁။	ဦးအောင်သက်ပိုင်	၅၀၀၀၀၀/-	၆ နှစ်ကျော်	၅၀၀၀၀၀/- x ၅ လစာ	၂,၅၀၀,၀၀၀/-
၂။	ဦးစိုးသက်ပိုင်	၄၀၀၀၀၀/-	၃ နှစ်ကျော်	၄၀၀၀၀၀/- x ၃ လစာ	၁,၂၀၀,၀၀၀/-
၃။	ဦးဇေယျာပိုင်	၂၅၀၀၀၀/-	၄ နှစ်ကျော်	၂၅၀၀၀၀/- x ၄ လစာ	၁,၀၀၀,၀၀၀/-
စုစုပေါင်း					၄,၇၀၀,၀၀၀/-

ဤဆုံးဖြတ်ချက်သည် အထက်တွင် ဖော်ပြထားသော နေ့ရက်မှစ၍ အာဏာတည်စေရမည်။

၁၁။ တောင်းဆိုသူအား ပေးရန်ရှိသော ငွေများကို ဤဆုံးဖြတ်ချက် ချမှတ်သည့်နေ့ရက်မှစ၍ ရက်ပေါင်း (၃၀) အတွင်း ပေးရမည်။

မှတ်ချက်။ (၁) နုံသမာဓိအဖွဲ့၏ဆုံးဖြတ်ချက်ကို လက်ခံရရှိသည့်နေ့ရက်မှ ခုနှစ်ရက်အတွင်း နုံသမာဓိကောင်စီ၏ အဆုံးအဖြတ်ခံယူရန် အငြင်းပွားသူတစ်ဖက်ဖက်မှ လျှောက်ထားနိုင်သည်။

(၂) မှတ်ချက် (၁) ပါအတိုင်း ဆောင်ရွက်ခြင်းမပြုလုပ်လျှင် ဆုံးဖြတ်ချက်များကို သတ်မှတ်သည့်နေ့ရက်အတွင်း နှစ်ဖက်စလုံးက လိုက်နာဆောင်ရွက်ရမည်။

(ဇင်ကောသွယ်)
အတွင်းရေးမှူး

(လွင်လွင်မြင့်)
ဥက္ကဋ္ဌ

(ကျော်ရီဦး)
အဖွဲ့ဝင်

(ကျင်အေး)
အဖွဲ့ဝင်

(ဒေါက်တာခင်မောင်အေး)
အဖွဲ့ဝင်

(လစ်လပ်)
အဖွဲ့ဝင်

(မြင့်အောင်)
အဖွဲ့ဝင်

(ကျော်ကျော်ညွန့်)
အဖွဲ့ဝင်

(စောတင်)
အဖွဲ့ဝင်

(နိုးလွင်)
အဖွဲ့ဝင်

(ငြိမ်းမောင်)
အဖွဲ့ဝင်